မြန်မာနိုင်ငံသားများဘဏ်
MCB
Myanmar Citizens Bank

+951 255 883, 255 885
info@mcb.com.mm
www.mcb.com.mm

ရက်စွဲ။ ။ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ၊ (၂၄) ရက်

# အစုရှယ်ယာရှင်များသို့ အသိပေးအကြောင်းကြားခြင်း

၁။ မြန်မာနိုင်ငံသားများဘဏ်လီမိတက်၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် (၂၆) ကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေးကြီးကို ၂၂.၉.၂၀၁၈ ရက်နေ့တွင် ရန်ကုန်မြို့ Sule Shangri-la Hotel တွင်ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါအစည်းအဝေးကြီးမှ အောက်ပါတို့ကို အတည်ပြုဆုံးဖြတ်ခဲ့ပါသည်။

(၁) ဒါရိုက်တာအဖွဲ့အစီရင်ခံစာနှင့် နှစ်ချုပ်စာရင်းများအတည်ပြုခြင်းနှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် မခွဲဝေ အမြတ်လက်ကျန် ကျပ်(၂၂၁၁.၈၃၈)သန်းအနက်မှ ကျပ် (၂၀၈၀.၁၄၇) သန်းကို အမြတ်ဝေစုအဖြစ် ခွဲဝေပေးမည်ဖြစ်ပြီး အစုရှယ်ယာ တစ်စုလျှင် ကျပ်(၂၀၀)နှုန်းဖြင့် အမြတ်ခွဲဝေမှုကို အတည်ပြုခြင်း၊

(၂) မြန်မာနိုင်ငံ၏ ကုမ္ပဏီများအားလုံး အီလက်ထရောနစ် မှတ်ပုံတင်စနစ်အသုံးပြု၍ ပြန်လည်မှတ်ပုံတင်ရန် အစီအစဉ်အရ ဘဏ်၏ Constitution အသစ်ကို အစုရှယ်ရှင်များကိုယ်စားပြုသော ဒါရိုက်တာအဖွဲ့မှ ကြီးကြပ်၍ Financial Institution Law, Company Law, Myanmar Investment Law and Rules များနှင့် လိုက်လျောညီထွေရှိပြီး ဗဟိုဘဏ်၏ လမ်းညွှန်ကြီးကြပ်မှုဖြင့် သင့်လျော်သော နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများ လက်ခံခြင်း၊ ဘဏ်ခွဲများတိုးချဲ့ဖွင့်လှစ်ခြင်း၊ Digital Banking၊ Agency Banking၊ Credit Card၊ Co-branding လုပ်ငန်းများ အပါအဝင် ပြည့်စုံစွာရေးဆွဲ၍ မှတ်ပုံတင်သွားရန် သဘောတူ အတည်ပြုခြင်း၊

(၃) မြန်မာနိုင်ငံသားများဘဏ်၏ ပြင်ပစာရင်းစစ်အဖွဲ့ဖြစ်သော ဦးဝင်းသင်နှင့်အဖွဲ့လီမိတက်မှ စာရင်းစစ် အစီရင်ခံစာဖတ်ကြားတင်သွင်းခြင်းကို အတည်ပြုခြင်း၊

(၄) ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပြင်ပစာရင်းစစ်အသစ်ခန့်အပ်ခြင်း၊

(က) "ဦးဝင်းသင်နှင့်အဖွဲ့ လီမိတက်"

(၅) ၂၀၁၇-၂၀၁၈ ဒါရိုက်တာအဖွဲ့ဝင်များနုတ်ထွက်ခြင်းနှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွက် ဒါရိုက်တာအဖွဲ့ဝင် အသစ်ရွေးချယ်ရာတွင် ဘဏ်၏လက်ရှိသင်းဖွဲ့စည်းမျဉ်း သင်းဖွဲ့မှတ်တမ်းအရ သတ်မှတ်ထားသော ဒါရိုက်တာ (၁၀) ဦးအနက် အဆိုပြုသူ (၁၀)ဦးဖြစ်၍ အဆိုပါ (၁၀)ဦးနှင့် သီးခြားလွတ်လပ်သော ဒါရိုက်တာ (၁) ဦး တင်မြှောက်ခြင်းကို အတည်ပြုခြင်း၊

**ဒါရိုက်တာ (၁၀)ဦး**

(၁) ဦးတိုးအောင်မြင့်
(၂) ဦးစိုးနိုင် (ခ) ဦးကိုကိုကြီး
(၃) ဦးရန်နိုင်ထွန်း
(၄) ဦးလှဦး
(၅) ဦးထွန်းလွင်
(၆) ဦးအုန်းဆိုင်
(၇) ဦးအောင်အောင်

+951 255 883, 255 885
info@mcb.com.mm
www.mcb.com.mm

(၈) ဒေါ်မိုးမိုး

(၉) ဒေါ်အေးစန္ဒာလွင်

(၁၀) ဦးဇေယျာသူရမွန်

**သီးခြားလွတ်လပ်သောဒါရိုက်တာ**

(၁) ဦးအေးသော်

၂။ နှစ်ပတ်လည်ထွေထွေအစည်းအဝေးကြီးမှ အမြတ်ဝေစုခွဲဝေပေးခြင်းအပေါ်အတည်ပြု ဆုံးဖြတ်ပြီးဖြစ်ပါသဖြင့် စက်တင်ဘာလ (၂၄) ရက်နေ့မှ စ၍ MCB ဘဏ်စာရင်းတွင် ရှိသော ရှယ်ယာရှင်များကို MCB ဘဏ်မှ လည်းကောင်း၊ YSX တွင် အရောင်းအဝယ်ပြုလုပ်ရန် စာရင်းဖွင့်ထားသူများအနေဖြင့် Securities Company အလိုက် စာရင်းဖွင့်ထားသော ဘဏ်များတွင် ထုတ်ယူနိုင်ပါပြီ ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒါရိုက်တာအဖွဲ့